# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ၁ /၂၀၂၃
## ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
## (၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရရှိသော အောက်ဖော်ပြပါ **ဒုတိယဦးစီးမှူးရာထူး** (၂၅၀) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူများအား ဦးစားပေးခန့်ထားမည်) | ၂၅၀ ဦး |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) **၁၅-၉-၂၀၂၃** ရက်နေ့တွင် အသက်(၂၇)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်**(၃၀)**နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊

( င ) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်၊

( စ ) ရွေးချယ်ခန့်ထားခြင်းခံရပါက ပြည်တွင်းအခွန်များဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် Download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း/ ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် –

(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော(၁"x ၁.၂၅")အရွယ် ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ

( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

( ဂ ) ဘွဲ့လက်မှတ်မိတ္တူ

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( စ ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)

( ဇ ) ကျန်းမာကြောင်းဆေးလက်မှတ် (မူရင်း)

( ဈ ) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာကိုပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင် ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ **၁၅-၉-၂၀၂၃** ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်။

၇။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ/ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများ/ ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ဖြေဆိုရမည် ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ များတွင် ထပ်မံကြေညာပေးမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေး ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ် **၀၆၇-၃၄၃၀၀၂၁** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**